**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့**

# ၁၉၆၄ ခုနှစ်၊ ဘဏ္ဍာတော်ဥပဒေ။

**[၁၉၆၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၁၄။]**

**၁၃၂၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်။**

**(၁၉၆၄ ခုနှစ်၊ စက်တဘာလ ၁၂ ရက်။)**

အောက်ဖော်ပြပါ ဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ အမည်နှင့် စတင်အာဏာ တည်သည့်နေ့ရက်။ ။ (၁) ဤဥပဒေကို ၁၉၆၄ ခုနှစ်၊ ဘဏ္ဍာတော် ဥပဒေဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ရက်နေ့တွင် စတင်အာဏာတည်ရမည်။

၂။ ။ **အမြတ်ခွန် စည်းကြပ်သည့် နှုန်းများ။** ။ (၁) ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ရက်နေ့မှ အစပြုသည့် နှစ်အတွက် ဤဥပဒေ၏ပဌမဇယားတွင် သီးခြားဖော်ပြထားသည့် နှုန်းများအတိုင်း အမြတ်ခွန်စည်းကြပ် ရမည်။

(၂) အမြတ်ခွန်အက်ဥပဒေ ပုဒ်မ ၁၅-က (၁) အလို့ငှါ အမြတ်ခွန်ထမ်းကိုယ်တိုင် ကိုယ်ကျအလုပ်လုပ်၍ ရသည့်ဝင်ငွေအတွက် လျှော့ရမည့်ငွေကို ယင်းဝင်ငွေ၏၅ ပုံ ၁ ပုံဟု သတ်မှတ်လိုက်သည်။ သို့သော် ယင်းသို့လျှော့သော ငွေပေါင်းသည် ကျပ်ငွေ ၄,၀၀၀ ထက်မကျော်စေရ။

(၃) ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ရက် နေ့မှအစပြုသည့်နှစ်အတွက် ပြည်ပနေ အမြတ်ခွန် ထမ်းများ၏စုစုပေါင်းဝင်ငွေတွင် မြန်မာနိုင်ငံအမြတ်ခွန် အက်ဥပဒေပုဒ်မ ၁၂-က အရ၊ အခြေပစ္စည်းမှ မြတ်စွန်းသည့်ငွေပါဝင်လျှင် ထိုစုစုပေါင်းဝင်ငွေ ပေါ်တွင်ကျသင့်မည့် အမြတ်ခွန်ကို ယင်းအက်ဥပဒေ ပုဒ်မ ၁၇-က ပါပြဋ္ဌာန်းချက်များနှင့်အညီ တွက်ချက်စည်းကြပ်ရမည်။

(၄) ဤဥပဒေအလို့ငှါ "စုစုပေါင်းဝင်ငွေ"နှင့် "ကိုယ်တိုင်ကိုယ်ကျအလုပ်လုပ်၍ ရသည့်ဝင်ငွေ" ဆိုသည့် စကားရပ်တို့မှာ မြန်မာနိုင်ငံ အမြတ်ခွန်အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်းဖြစ်သည်။

၃။ ။ **စာပို့တိုက်နှုန်းများသတ်မှတ်ခြင်း။** ။ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁ရက်နေ့မှစသော ဘဏ္ဍာရေးနှစ်အတွက်၊ ဤဥပဒေ၏ ဒုတိယဇယားကို မြန်မာနိုင်ငံစာပို့တိုက် အက်ဥပဒေတွင်၊ ထိုဥပဒေ၏ ပဌမဇယား အဖြစ် ထည့်သွင်းရမည်။

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

Myanmar Law Information System (MLIS)

၁၉၆၄ ခုနှစ်၊ ဘဏ္ဍာတော်ဥပဒေ။

ရန်ကုန်မြို့၊ ၁၃၂၆ ခုနှစ်၊ တော်သလင်းလဆန်း ၆ ရက်။

(၁၉၆၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်။)

အမိန့်အရ၊

ဗိုလ်မှူးကြီး ကိုကို၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

----- **Attachment** -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပဋ္ဌမဇယား။၁၉၆၄-၆၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက်၊ အမြတ်ခွန် နှုန်းများ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဒုတိယဇယား။မြန်မာနိုင်ငံစာပို့တိုက် အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား။

Myanmar Law Information System (MLIS)